# ဥရောပ ဗိုလ်လုပွဲတက်၊ အစဉ်အလာ ကျိုးပျက်

သတင်းရင်းမြစ် > မင်းသား
ဗုဒ္ဓဟူးနေ့၊ ဇူလိုင်လ ၀၇ ရက် ၂၀၁၀ ခုနှစ် ၁၄ နာရီ ၂၅ မိနစ်

## အစဉ်အလာ ပျက်ပြီ

၂၀၁၀ ဖီဖာ ကမ္ဘာ့ဖလားပွဲမှာ တောင်အမေရိကတိုက်နဲ့ ဥရောပတိုက် အသင်းတွေဟာ လွန်ခဲ့တဲ့ ၁၂ ကြိမ်စလုံး အလှည့်ကျ ဗိုလ်စွဲခဲ့တဲ့ အစဉ်အလာကနေ အခုအခါ ကျိုးပျက်လို့ သွားပါပြီ။ အဲဒီ အလှည့်ကျ အစဉ်အလာဟာ ၁၉၆၂ ခုနှစ်ကတည်းက စတင်ခဲ့တာပါ။ ဒီအနေအထားဟာ ပြီးခဲ့တဲ့ ၂၀၀၆ ခုနှစ် (ဥရောပအသင်း အီတလီ ဗိုလ်စွဲ) အထိ ဆက်တိုက်ဖြစ်လာခဲ့တာပါ။

မနေ့က ကစားခဲ့တဲ့ တောင်အမေရိကအသင်း ဥရုဂွေးနဲ့ ဥရောပအသင်း နယ်သာလန် (ဟောလန်) တို့ရဲ့ ပွဲစဉ်မှာ နယ်သာလန်က ၃ ဂိုး တဂိုးနဲ့ အနိုင်ရပြီး ဗိုလ်လုပွဲ တက်ပါတော့မယ်။ ဒီကနေ့ကစားမယ့် ဂျာမဏီနဲ့ စပိန် အသင်းတွေကလည်း သိတဲ့အတိုင်း ဥရောပတိုက်ကပါ။ ဒါကြောင့်လည်း ဒီနှစ်မှာပါ ဥရောပ အသင်းထဲကပဲ ဗိုလ်စွဲတော့မှာမို့ အစဉ်အလာ ပျက်သွားခြင်း ဖြစ်ပါတယ်။

(နယ်သာလန်-ဥရုဂွေး)

မနေ့ညက စတင်ကစားခဲ့တဲ့ ဆီမီးဖိုင်နယ်ပွဲကို ပြန်ပြောင်းပြောရရင် ၂ သင်းစလုံး ကစားပုံမှာ အကောင်းကြီး မဟုတ်ခဲ့ပါဘူး၊



တခုပဲ ပြောစရာဖြစ်တာက ခံကန်မယ်ထင်ထားတဲ့ ဥရုဂွေးတို့ တိုက်စစ်ဖွင့် ကစားသွားတာပါ။ မနေ့ကပွဲမှာ အသင်းခေါင်းဆောင် ဒီ လူဂါနိုနဲ့ တိုက်စစ်မှူး ဆွာရက်ဇ်တို့ မပါဝင်နိုင်ခဲ့ပါဘူး။ သူတို့ပါလာရင် ပွဲက တမျိုးတမည်များ ဖြစ်သွားမလားပါပဲ။

နယ်သာလန်မှာတော့ နာမည်ကြီး ကစားသမားတွေဖြစ်တဲ့ ဆနိုက်ဒါနဲ့ ရော်ဘင်တို့ ခြေစွမ်းပြကစားသွားပြီး ဂိုးတွေလည်း သွင်းယူသွားကြပါတယ်။

ဆနိုက်ဒါဟာ ပွဲစဉ်တလျှောက် သွင်းဂိုး ၅ ဂိုး သွင်းယူထားနိုင်ပြီး၊ စပိန်က ဒေးဗစ်ဗီလာနဲ့အတူ ရွှေဖိနပ်ဆု မှန်းနိုင်နေပါပြီ။

နယ်သာလန်အသင်းက ၁၉၇၈ ခုနှစ်နောက်ပိုင်း ဗိုလ်လုပွဲ တက်ရောက်သွားနိုင်ခဲ့ခြင်းပါ။

ဘယ်လိုပဲဖြစ်ဖြစ် ၂၀၁၀ ကမ္ဘာ့ဖလား ဗိုလ်လုပွဲကတော့ ဥရောပအသင်း ၂ သင်း ကစားမယ့် ကမ္ဘာ့ဖလားဆိုတာ သေချာစေခဲ့ပါပြီ။

ဒုတိယဆီမီး ပွဲကြို (ဂျာမဏီ-စပိန်)

ဂျာမဏီ

ဂျာမဏီအသင်းက ကစားခဲ့တဲ့ ၅ ပွဲမှာ ၁၃ ဂိုး သွင်းထားပြီး၊ တိုက်စစ်စွမ်းရည် ပြထားပါတယ်။

ပြိုင်ပွဲမစခင်က တခြား ဥရောပအသင်းတွေလောက် ဗိုလ်စွဲဖို့ ရေပန်းမစားလှပေမယ့်၊ တပွဲထက်တပွဲ ရေပန်းစားလာတဲ့ အသင်းဖြစ်ပါတယ်။



လူငယ်တွေရဲ့ ကစားအားနဲ့ ဝါရင့်တွေရဲ့ အတွေ့အကြုံ ပေါင်းစပ်ပြီး၊ စုစည်းမှု အားကောင်းတဲ့ အသင်းလည်း ဖြစ်ပါတယ်။

အာဂျင်တီးနားကို ၄ ဂိုးပြတ်နဲ့ အနိုင်ကစားပြီးတဲ့နောက် ဂျာမဏီဖလားလို့တောင် ပြောယူလာရတဲ့အထိ ဖြစ်ခဲ့ပါတယ်။

ကမ္ဘာ့ဖလား ၃ ကြိမ်ရဆိုတဲ့ အစဉ်အလာကိုလည်း လျှော့တွက်လို့ မရပါဘူး။

ဒဏ်ရာပြဿနာ မရှိပေမယ့် ကွင်းလယ်မှာ အားထားရတဲ့ မူလာ ပွဲပယ်ခံထားရပါတယ်။

တိုက်စစ်မှူး ကလိုဆေးကို အထောင်ထားပြီး ၄ - ၂ - ၃ - ၁ နဲ့ ပွဲထွက်ဖို့ ရှိပါတယ်။

နည်းပြ အာချင်လိုကတော့ စပိန်အသင်းမှာ ပွဲအဖြေပြောင်းနိုင်တဲ့ နာမည်ကြီး ကစားသမားတွေ ရှိနေတာမို့ အမှားခံလို့ မဖြစ်ဘူး၊ ပွဲချိန်ပြည့် အာရုံစိုက်ကစားမှ ဖြစ်မယ်လို့ ဆိုပါတယ်။

စပိန်

ကမ္ဘာ့ဖလား တကြိမ်မှ မရဖူးဘူးတဲ့ အသင်းပါ။

ပြိုင်ပွဲမစခင်က ဗိုလ်စွဲဖို့ အင်မတန် ရေပန်းစားခဲ့ပေမယ့် ပြိုင်ပွဲကာလ ခြေစွမ်းတွေအရ ရေပန်းစားမှု တဖြည်းဖြည်း လျော့ကျခဲ့ပါတယ်။

ခြေစွမ်းပိုင်း မတည်ငြိမ်ပေမယ့် အဆင့်မြင့် ကစားသမားတွေ အစွမ်းနဲ့ ဆီမီးဖိုင်နယ်အထိတော့

တက်လာနိုင်ခဲ့ပါတယ်။



အုပ်စုတွင်း ကစားခဲ့တဲ့ ပွဲတွေကို ပြန်ကြည့်ရင် ဟွန်ဒူးရပ်စ်ကို ၂ ဂိုး သွင်းယူနိုင်ခဲ့တာ အများဆုံးပါပဲ။

ကွင်းလယ်ကစားသမားတွေ တောင့်တင်းတဲ့အတွက် ဒီအဆင့်ကို တက်လှမ်းနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ဂိုးမသွင်းနိုင်တဲ့ တိုက်စစ်မှူး တောရက်စ်ကို ပထမပွဲထွက်စာရင်းက ချန်ထားဖို့ ရှိပြီး၊ ဖာဘာရီဂတ်စ် ပွဲစကတည်းက ပါလာဖို့ များပါတယ်။ ၄ - ၃ - ၃ နဲ့ပဲ ပွဲထွက်လာမှာပါ။

ဖြစ်နိုင်ခြေ ပွဲအဖြေ

၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလားမှာ ဒီ ၂ သင်း အုပ်စုတွင်း ဆုံခဲ့ဖူးပါတယ်။ တဂိုးစီ သရေကျခဲ့တာပါ။

အနီးဆုံးဖြစ်တဲ့ ၂၀၀၈ ခုနှစ် ဥရောပဖလားမှာတော့ ဗိုလ်လုပွဲမှာ စပိန်က တောရက်စ်ရဲ့ သွင်းဂိုးနဲ့ ဖလားရသွားပါတယ်။

အသင်းလိုက် စုဖွဲ့ကစားတတ်တဲ့ ၂ သင်း တွေ့ကြတာမို့ ပွဲအဖြေက သိပ်ပြတ်သားဖို့တော့ မရှိပါဘူး။ ပွဲချိန်အတွင်း အများတခုခု လုပ်မိတဲ့အသင်း ခံစားသွားရမှာပါ။

ခြေစွမ်းပိုင်း မမှန်သေးတဲ့ စပိန်အနေနဲ့ တိုက်စစ်အဆုံးသတ်ပိုင်း ကောင်းနေတဲ့ ဂျာမဏီကို ကျော်ဖြတ်ဖို့ မလွယ်လှပါဘူး။